# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# ၂၉ ရက်မြောက်နေ့အစီအစဉ်

# [ ၁၉-၃-၂၀၁၃ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **ထိုင်းနိုင်ငံရှိ အကျဉ်းကျခံနေရသော မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံတွင် အကျဉ်းကျခံနေရသော ထိုင်းနိုင်ငံသားများကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စေရန် တပ်ဖွဲ့တိုးချဲ့ဖွဲ့စည်းခြင်းကို လွှတ်တော်များနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **အခြေခံပညာရေး ဆိုင်ရာ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **လုပ်သက် ၂၀ နှစ် အထက်ရှိ အခြေခံပညာ အလယ်တန်းပြနှင့် အထက်တန်းပြ ဆရာ/ဆရာမ များကို ရာထူးတိုးမြှင့်ခံစားခွင့် ရှိ/မရှိနှင့် သတ်မှတ်လုပ်သက် ရမှတ်ရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ကျောင်းအုပ်များကို ရာထူးတိုးမြှင့် ခံစားခွင့်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးရဲထွန်း၊ သံတွဲ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်သို့ ပြည်ထောင်စု မဟာစေတ်အားလိုင်းမှတစ်ဆင့် သွယ်တန်းဆောင်ရွက်နေသော မဟာဓာတ်အားလိုင်းများ၏ စီမံကိန်းလုပ်ငန်းများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးကြည်သာ၊ ငွ မဲဆန္ဒနယ်၏ **ဦးစီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီး၍ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးရာတွင် မည်သည့် Accounting Procedure များကို သုံးစွဲလျက်ရှိသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" မြန်မာ နိုင်ငံတော် ဗဟိုဘဏ် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်မရှိပြန်လည်ပေးပို့သော **" ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်း အုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၉။ အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **"ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၁၀။ သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်က **" မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပွားနေသော ယာဉ်မတော်တဆထိခိုက်မှုအပါအဝင် အခြားမတော်တဆ ဖြစ်ပွားမှုများကြောင့်လည်းကောင်း၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့် လည်းကောင်း ရရှိသည့် ထိခိုက်ဒဏ်ရာရ လူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် ပြဋ္ဌာန်းချက်များ မရှိသေးပါက လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ဆောလျင်စွာ ထုတ်ပြန်ပေးရေးအတွက် တိုက်တွန်းကြောင်း"** အရေးကြီးအဆို တင်သွင်းခြင်း။

၁၁။ ဒေါက်တာအောင်မိုးညို၊ ပွင့်ဖြူ မဲဆန္ဒနယ်က **" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် UN Convention Against Torture and Other Cruel, Inhuman or Degrading Treatment or Punishment ညှဉ်းပမ်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ လူမဆန်စွာ ဂုဏ်ငယ် စေသော အပြုအမူနှင့် အရေးယူအပြစ်ပေးခြင်းကို ဆန့်ကျင်သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် တစ်ရပ်အား လက်မှတ်ရေးထိုးရန် ပြည်သူ့ လွှတ်တော်က တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၀ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။